မန်နားကျေးရွာ

တန့်ယန်းမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၀)

(Village Devlopment Project)

ဝိန်းမိုင်အုပ်စု၊ မန်နားကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝိန်းမိုင်အုပ်စု၊ မန်နားကျေးရွာ

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ မတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၄
	မန်နားကျေးရွာ သယံဇာတပြန်လည်ပြုပြင်၊ တန့်ယန်းမြို့နယ်	၆
	မန်နားကျေးရွာ ရာသီခွင်ပြုပြင်ဒိန်၊ တန့်ယန်းမြို့နယ်	၇
	မန်နားကန်ကျေးရွာ နှင့် အဖွဲ့အစည်းချိတ်ဆက်ပြန်လည်၊ တန့်ယန်းမြို့နယ်	၈

အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။	**တည်နေရာနှင့်ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၉
၃။	**လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၀
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာစိမ်ခန့်ခွဲမှုအခြေအနေ**	၁၁
၅။	**စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**	၁၁
	(က) သီးနှံစိုက်ပျိုးရေး	၁၁
	(ခ) မွေးမြူရေးလုပ်ငန်း	၁၂
	(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၁၂
	(ဃ) လျှော့ပြောင်းလုပ်သားများ	၁၃
	(င) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်	၁၃
	(စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ	၁၃
၆။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	၁၃
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၃
	(ခ) ကျေးရွာမီးလင်းရေး	၁၄
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၄
၇။	ပညာရေး	၁၄
၈။	ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၄

၉။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၅
၁၀။	ကျား/မရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၆
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၆
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၆
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၇

အပိုင်း(ခ)
စီမံချက်ဆိုင်ရာ အချက်အလက်များ

	စီမံချက်အဆိုပြုလွှာ(၁)	၁၈
	နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း	၂၀
	နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	၂၁
	နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဇယား	၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရ၍ရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း (၂)ပိုင်း ပါရှိပါသည်။ အပိုင်း (က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊

ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


မတ်လ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မန်နားကျေးရွာ
တန့်ယန်းမြို့နယ်

ဝိန်းမိုင်အုပ်စု၊ မန်နားကျေးရွာ သယံဇာတပြမြေပုံ




ဝိန်းမိုင်အုပ်စု၊ မန်နားကျေးရွာ ရာသီခွင်ပြု ပြက္ခဒိန်



ဝိန်းမိုင်အုပ်စု၊ မန်နားကျေးရွာ ရာသီခွင်ပြုပြက္ခဒိန်

ဘာဖြစ်ဘာပျက်	၆နှိ	၈ဖေ	၈တော်	၈ပြို	၈မေ	၈ဇွန်	၈လုပ်ငင်	၈သြဂုတ်	၈စက်	၈အောက်	၈ဒို	၈ဒို
ရာသီခွင်တူ												
ဘာသုပ်ဘာကိုင်	ဈေးဆိုင်	ကုန်ခိုင်	ရောင်းခိုက်	ဈေးဆိုင်	မဟို	ဈေးဆိုင်	ဈေးဆိုင်	ဈေးဆိုင်	ဈေးဆိုင်	ဈေးဆိုင်	ဦးတည်သိမ်း	ဦးကိုသိမ်း
ဈေးရွာပါဈေးဆိုင်းများ အိမ်ရေတွက်ခြင်း (မဟို/ နဂိုး/ များ)	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	မဟို	မဟို	မဟို	မဟို	မဟို	ဟို	ဟို
ဆိုသုံးလေးတံ	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး
ချေးငွေပို့ဆောင်မှု	မဟို	မဟို	မဟို	မဟို	မဟို	နှာဆင်းနှာဆိုက်	နှာဆင်းနှာဆိုက်	မဟို	မဟို	မဟို	မဟို	မဟို
ထိန်းသိမ်းကွပ်ကဲမှု	များ	များ	များ	များ	များ	များ	များ	များ	ဆယ်ဆယ်	ဆယ်ဆယ်	များ	များ
သောက်သုံးရေရရှိမှု	များ	များ	များ	များ	များ	များ	များ	များ	များ	များ	များ	များ
တိုက်ဆိုင်နှုန်းဆာရေးရှိမှု	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	များ	များ	များ	များ	များ	များ	များ
တိုက်ဆိုင်နှုန်းကောင်းကျေးကျေးမှု	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	ဆယ်ဆယ်နှစ်ဆယ်
ကျွန်းမာရေးဆေးဘိဆေး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	ဆယ်ဆယ်	နဂိုး	နဂိုး	နဂိုး	နဂိုး	ဆယ်ဆယ်ဆယ်
သီးနှံမိုးမွှားကောင်းကျေးမှု	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	နဂိုး	ဆယ်ဆယ်ဆယ်	နဂိုး	နဂိုး	နဂိုး
မွဲကောင်များ	မဟို	ဆစ်နှိပ်	ဦးကွပ်	သင်္ကြန်ပွဲ	နွေကောင်းဆဲ	မဟို	ဆန်ပွဲဖြန့်	ဝါဝင်နှင်းဆည်	ဝါဝင်နှင်းဆည်	အိုးဝင်းလွှတ်ပွဲ	ကသိန်ပွဲ	ဖွဲ့သဘင်ကူးပွဲ
သဘာဝဘေးဆိုးကာယော်	-	-	-	-	-	-	-	-	-	-	-	-

ဝိန်းမိုင်အုပ်စု၊ မန်နားကျေးရွာ အဖွဲ့စည်းချိတ်ဆက်ပြပုံ



အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

မန်နားကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်၊ ဝိန်းမိုင် အုပ်စုတွင်ပါဝင်ပြီး မြို့နှင့်မိုင်(၂၀)ကျော် အကွာတွင်တည်ရှိပါသည်။ မြို့နှင့်အလှမ်းကွာဝေးပြီး ကျေးရွာသည် ဝိန်းမိုင်အုပ်စု၊ မြေပြန့်ပိုင်းတွင်တည်ရှိသည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် နားတပ်ကျေးရွာ၊ အရှေ့တောင်ဖက်တွင် ဝိန်းမိုင်ကျေးရွာနှင့် မြောက်ဘက်တွင် တောင်တန်းများနှင့် အနောက်ဘက်တွင် လယ်ကွင်းနှင့် တောင်ကုန်း ရှိပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ နောင်ကန်ကျေးရွာ၏ ရာသီဥတုမှာ အပူအအေးညီမျှမှုရှိပါသည်။ တစ်နှစ်ပျှမ်းမျှ မိုးရေချိန်မှာ လက်မ ၄၀ မှ ၆၀ ထိရှိပါသည်။ ကျေးရွာ တည်ရှိရာနေရာသည် မြေနေရာပြန့်ပြူးပါသည်။ ကျေးရွာပိုင် မြေပြန့်နေရာအချို့ရှိပြီး သဘာဝစိမ့်စမ်းရေထွက် (၁)ခု ရှိပါသည်။ လယ်ယာစိုက်ပျိုးမြေများလည်းရှိပါသည်။

လယ်မြေနှင့် တောင်ယာအသင့်အတင့်ရှိပြီး မြေပြန့်အနည်းငယ်နှင့် တောင်ကုန်းရှိပါသည်။ စိုက်ပျိုးရေးဆောင်ရွက်ရန် သဘာဝမြေဆီမြေလွှာအသင့်အတင့်ကောင်းမွန်သော်လည်း ဓါတ်မြေဩဇာ အနည်းငယ်ထည့်ဝင်စိုက်ပျိုးလျက်ရှိပါသည်။ စပါးကို ရွာပိုင်လယ်ယာများတွင် မိုးရေကိုသာ အဓိက အားထား စိုက်ပျိုးလျက်ရှိပါသည်။ ကျေးရွာလူထုသောက်သုံးရေအတွက် သဘာဝစိမ့်စမ်း ရေထွက်မှ ရေကို အလိုအလျောက်စီးဆင်းသည့်စနစ်ဖြင့် ပိုက်များသွယ်တန်း၍ သွယ်ယူအသုံးပြုပါသည်။ အိမ်ထောင်စု အနည်းငယ်သာ ရေတွင်းတူး အသုံးပြုပါသည်။ သောက်သုံးရေဖူလုံသည့် ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၄၀)စုနှင့် ကျား(၉၀)ဦး၊ မ(၈၈)ဦးဖြင့် လူဦးရေစုစုပေါင်း (၁၇၈)ဦး နေထိုင်လျက်ရှိပြီး ပျှမ်းမျှအိမ်ထောင်စုတစ်စုလျှင်(၄)ဦးအထက်ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျှမ်းမျှ (၅)ဦးနှုန်း အောက်အနည်းငယ်လျော့ပါသည်။ မန်နားကျေးရွာတွင် ရှမ်းလူမျိုးများသာ နေထိုင်ပါသည်။ ကျေးရွာလူဦးရေ စုစုပေါင်း၏ (၅၈%)ကျော်မှာ အလုပ် လုပ်ကိုင်နိုင်သောအရွယ်ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် အနည်း

ငယ်ပိုပါသည်။ ကျောင်းနေအရွယ် လူဦး ရေမှာ ကျေးရွာလူဦးရေ၏ (၃၀%)ရှိပါသည်။ ကျေးရွာသူ ရွာသားများသည် မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းကို သာလုပ်ကိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ မိသားစု ဝင်များ စားဝတ်နေရေးအတွက် အသင့်အတင့်အဆင်ပြကြပါသည်။ အိမ်ထောင်စုအလိုက် ဓနအဆင့် သတ်မှတ်မှုများတွင် အိမ်ထောင်စုအားလုံး၏(၁၂.၅%)သည် အဆင်ပြေသောအိမ်ထောင်စု၊ (၅၇.၅%)သည် အလယ်အလတ်အဆင်ပြေသောအိမ်ထောင်စုများဖြစ်ကြပါသည်။ ကျန် (၃၀%)သည် ဆင်းရဲသည့် စာရင်းခံယူကြပါသည်။ မန်နားကျေးရွာရှိ အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု အနည်းနှင့်အများ အိမ်ထောင်စု(၂)စုသာ မြေယာမဲ့ရှိပါသည်။ အိမ်ထောင်စု(၁၀)စုသည် မြေ(၂.၅)ဧကအောက်၊ (၁၅)စုသည် (၅)ဧကအောက်၊ (၁၂)ဧကအောက်ပိုင်ဆိုင်သော အိမ်ထောင်စု (၁၁)စု၊ (၁၂.၅)ဧကအထက်ပိုင်ဆိုင်သော တောင်သူကြီးအိမ်ထောင်စု(၂)စု ရှိပါသည်။ ကျေးရွာပိုင် လယ်မြေ ယာမြေများတွင် စိုက်ပျိုးရေးဆောင်ရွက်ကြပါသည်။ မိုးရာသီတွင် မိုးစပါးကိုသာ စိုက်ပျိုးကြ ပါသည်။ စပါးထွက်ရှိမှုမှာ ဝမ်းစာဖူလုံပြီး ပိုလျှံသောစပါးများကို မြို့ပေါ်ဈေးတွင် အလျဉ်းသင့်သလို ရောင်းချကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ဆင်းရဲသားတောင်သူအများစု နေထိုင်ပြီး မိုးစပါးကိုသာ စိုက်ပျိုး ကြပါသည်။ ကျေးရွာမှ ဆင်းရဲသော အိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော အိမ်ထောင်စု (၄)စုအား စစ်တမ်းကောက်ယူထားရှိမှုအရ ၄င်းတို့၏ မိသားစုဝင်ငွေရရှိရေး ဆောင်ရွက်သောစိုက်ပျိုးရေး လုပ်ငန်းမှာ ဝမ်းစာဖူလုံကြောင်းနှင့် တခါတရံမှသာ ကြိုတင်ငွေရယူ၍ ဝမ်းစာအတွက် ဖြေရှင်းရ ကြောင်း အကြွေးတင်ရှိမှုငွေပမာဏတွင် စစ်တမ်း ကောက်ယူထားရှိသော အိမ်ထောင်စုများတွင် ချေးငွေကျပ်(၁)သိန်းမှ ကျပ်(၃)သိန်းအထိ အကြွေးတင်ရှိကြောင်းနှင့် အဓိကအားဖြင့် စိုက်ပျိုးရေး အသုံးစရိတ်အတွက်နှင့် လုပ်ငန်းအတွက်ရင်းနှီးမြုပ်နှံရန်လိုအပ်ခြင်းဖြစ်ပါသည်။ ကျေးရွာတွင်းရှိ ရင်းနှီး သည့်ဆွေမျိုး မိတ်ဆွေအချင်းချင်းသာ ချေးယူသုံးစွဲကြပါသည်။

ကျေးရွာတွင်း၌ ဆိုင်ကယ်များမဆင်မခြင်မောင်းနှင်ခြင်း၊ တခါတရံခိုက်ရန်ဖြစ်ပွားခြင်းများရှိ သောကြောင့် ထိခိုက်လွယ်မှုများရှိတတ်ပါသည်။ ကျေးရွာသည် မြို့နှင့်အလှမ်းကွာဝေးခြင်းသော်လည်း

လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာသူရွာသားများ အနေဖြင့် မိုးခေါင်သည့်နှစ်များတွင် ဝမ်းစာအခက်အခဲနည်းငယ်ရှိကြပါသည်။ လက်သမား၊ ပန်းရန်အတတ် တတ်မြောက်သူ အနည်းငယ်ရှိပြီး နီးစပ်ရာရွာများတွင် အလုပ်ရှိမှသာ လုပ်ကိုင်ကြပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်း ရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရအသင့်အတင့်ပြည့်ဝမှုရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် ရာသီကူးပြောင်းချိန် တုပ်ကွေးဖျားနာ အဖြစ်များပြီး အခြားရောဂါဖြစ်ပွားမှုနည်းပါးကြောင်းနှင့် အမျိုးသား၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုတို့သည် တစ်ကိုယ်ရည်သန့်ရှင်းမှု အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာနေပြည်သူများသည် သောက်သုံးရေအနေဖြင့် အိမ်ခြေအများစုသည် မန်နားကျေးရွာတွင် ပြည်သူ့စစ်အဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့ တို့ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ရပ်မိရပ်ဖများ၊ လူငယ်အဖွဲ့များမှ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြပါသည်။ ရပ်ရွာအကျိုးအတွက် ရွာသူရွာသားများမှာ အားတတ်သရော ဆောင်ရွက်သည့် အလေ့အထရှိပြီး ရွာဦးဖွဲ့စည်းထားသည့် အသင်းအဖွဲ့များမှာ သြဇာသက်ရောက်ပါသည်။ အမျိုးသမီးအဖွဲ့များမှလည်း ဘာသာရေး၊ သာရေး/နာရေးကိစ္စများတွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့၏ မန်နားကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထား၍ သက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ပါသည်။ အဓိကစိုက်ပျိုးသီးနှံအဖြစ် မိုးစပါးကိုသာ စိုက်ပျိုးကြပါသည်။ အချို့နှစ်များတွင် ပြောင်းဖူးစိုက်ပျိုးခြင်းများလည်းရှိပါသည်။ မိမိတို့ စားသုံးရန်အတွက်သာ ပန်းနှမ်းနှင့် ပဲပုတ်၊ နေကြာနှင့်အခြားသီးနှံများကို အနည်းငယ်သာ စိုက်ပျိုးကြပါသည်။ လယ်ယာနှင့်တောင်ယာများစိုက်ပျိုးကြပြီး မြေဩဇာအသုံးပြု စိုက်ပျိုးရပါသည်။ ကောင်းမွန်ပြီး မြေဩဇာထည့်ရန် မလိုအပ်သော မြေဆီလွှာအမျိုးအစား မဟုတ်သည့်အတွက် မြေဩဇာသုံးစိုက်ပျိုးရသဖြင့် မြေဩဇာနှင့် မျိုးစေ့စျေးနှုန်းမြင့်တက်သည့်အခါများတွင် လုပ်အားခကြိုယူခြင်း၊ ငွေချေးခြင်းများဖြင့် စိုက်ပျိုးစရိတ်ကိုဖြေရှင်းကြပါသည်။ သီးနှံစျေးကွက်ကျဆင်းချိန်များတွင် စားဝတ်နေရေး ခက်ခဲကြပါသည်။

စိုက်ပျိုးရေးကို အဓိကထား၍ သက်မွေးဝမ်းကျောင်းဆောင်ရွက်သော ကျေးရွာဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် များသောအားဖြင့် လက်တွန်းထွန်စက်များကို အသုံးပြုကြပါသည်။ မိုးရာသီတွင် မိုးရေကိုသာအားထား၍ စိုက်ပျိုးရေးဆောင်ရွက်ကြပါသည်။ တခါတရံ ဆောင်းရာသီတွင် အအေးလွန်ကဲသောကြောင့် ဖြစ်ထွန်းသည့်သီးနှံ ရှားပါးပါသည်။ စိုက်ပျိုးရေးတွင်လည်း မြေဆီမြေဩဇာကောင်းမွန်မှုနည်းပါးခြင်း၊ နည်းပညာပံ့ပိုးမှုမရှိခြင်း၊ ငွေကြေးဖူလုံမှုမရှိခြင်းများကြောင့် အချို့နှစ်များတွင် လယ်ယာမြေအားလုံး စိုက်ပျိုးနိုင်ခြင်း မရှိသည့်နှစ်များလည်းရှိပါသည်။

(ခ) **မွေးမြူရေးလုပ်ငန်း**

ကျွန်တော်တို့ရွာတွင် ကျွဲ၊ နွား၊ ဝက်၊ ကြက် မွေးမြူမှုများရှိပြီး နွားများကို စိုက်ပျိုးရာသီကုန်ချိန်တွင် တောတွင်း၌ လွှတ်ကျောင်းစနစ်ဖြင့်လည်းကောင်း၊ ဝက်ကြက်များကို အချို့က အိမ်ခြံဝန်းအတွင်း ခြံခတ်၍လည်းကောင်း၊ လွှတ်ကျောင်းခြင်းဖြင့်လည်းကောင်း မွေးမြူကြပါသည်။ စားကျက်မြေများထားရှိ၍ စားကျက်မြေများတွင် နွားများလွှတ်ကျောင်း၍လည်း မွေးမြူပါသည်။ တိရိစ္ဆာန်များအား ကြိုတင်ကာကွယ်ဆေးများ ထိုးနှံခြင်းမှာမရှိသလောက် နည်းပါး ပါသည်။ မွေးမြူရေးဆိုင်ရာ အသိပညာနည်းပါး ပါသည်။ စားဝတ်နေရေးဖူလုံယုံသာ မွေးမြူကြပြီး ဝင်ငွေတိုးပွား ရရှိအောင် စီးပွားဖြစ် မွေးမြူရန်အတွက် နည်းပညာအခက်အခဲ၊ အရောင်းအဝယ်ဆောင်ရွက်ရန်အတွက် အခက်အခဲများ ရှိပါသည်။ နွား၊ကြက်ဝက်များကို နီးစပ်ရာကျေးရွာများမှ ဝယ်ယူလာမှသာရောင်းချခြင်း မျိုးရှိပါသည်။ မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ်မွေးမြူလာနိုင်ရန် အရင်းအနှီးငွေချေးငှားပေးခြင်း၊ မွေးမြူရေး နည်းပညာပေးခြင်းများ၊ ဝယ်လက်များချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ယခုထက် ပိုမို ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ မွေးမြူရေးအတွက် သုံးရေကိုလည်း စိမ့်စမ်းရေ ဖြင့်လုံလောက်စွာ သုံးစွဲနိုင်ပါသည်။ ကျေးရွာတွင်နေထိုင်သူအားလုံး နေစရာလုံလောက်သည့်အပြင် မွေးမြူရေးဆောင်ရွက်ပါကလည်း မြေနေရာလုံလောက်မှုရှိပါသည်။ လက်ရှိအချိန်တွင် ကျေးရွာ၌ ခိုင်းနွား (၅၀)ကောင်၊ ကျွဲ (၁၁)ကောင်၊ ဝက် (၆)ကောင်၊ ကြက်(၅၀)ကောင်အား တစ်ပိုင်တစ်နိုင် မွေးမြူထားရှိပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျွန်တော်တို့ မန်နားကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားဝင်ငွေရရှိနိုင်သော လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိသလောက်နည်းပါး ပါသည်။ အမြဲတမ်းဝင်ငွေရရှိသော လုပ်ငန်းမျိုး

လုပ်ကိုင်နိုင်ခြင်းမရှိကြပါ။ မိမိကိုယ်ပိုင်လုပ်ငန်းမဟုတ်သောကြောင့်လည်း ဝင်ငွေသတ်မှတ်နိုင်ခြင်း မရှိပါ။ လုပ်သားအင်အားရှိသော်လည်း အလုပ်အကိုင်ရှားပါးလွန်းသောကြောင့် အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်နိုင်မှုရှားပါးပါသည်။ စိုက်ပျိုးရေးအပြင် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်ရန် ဒေသနှင့်လျော်ညီသည့် နည်းပညာများဖြန့်ဝေပေးနိုင်ပါက ဖွံ့ဖြိုးမှုလျင်မြန်သည့် ကျေးရွာ ဖြစ်လာနိုင်ပါသည်။

(ဃ) **ရွှေ့ပြောင်းလုပ်သားများ**

ကျနော်တို့ မန်နားကျေးရွာတွင် အခြားဒေသများသို့ မိသားစုဝင်ငွေအတွက် အလုပ်သွား ရောက်လုပ်ကိုင်သူ (၂)ဦးရှိပါသည်။ ၎င်းတို့၏ မိသားစုများသည် သူတို့၏လုပ်အားခများကို မှီခိုနေခြင်း မျိုးမရှိပါ။

(င) **ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက်**

ကျွန်တော်တို့ မန်နားကျေးရွာသည် ကုန်စည်ဝန်ဆောင်မှု အနီးစပ်ဆုံးရရှိနိုင်သည့်နေရာသည် ပန်းယစျေးဖြစ်ပါသည်။ သို့သော်လည်း ပန်းယစျေးတွင် စိုက်ပျိုးသီးနှံရောင်းဝယ်ရန်စျေးကွက် မရှိပါ။ သယ်ယူပို့ဆောင်ရာတွင်တွင် မိမိပိုင်ဆိုင်ကယ်၊ ထော်လာကျီ၊ ကား များဖြင့်သယ်ယူကြပြီး ရွာနှင့်မိုင်(၂၀) ကျော် ကွာဝေးသောတန့်ယန်းမြို့ရှိ ဆောက်လုပ်ရေး၊ အိမ်သုံးပစ္စည်းမျိုးစုံ ဝယ်ယူရရှိနိုင်သော ဝန်ဆောင်မှုရှိပါသည်။ တန့်ယန်းမြို့ရှိ ပွဲရုံများတွင် စပါး၊ ပြောင်း စိုက်ပျိုးသီးနှံများရောင်းချရန် စျေးကွက်ရှိပါသည်။

(စ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

မန်နားကျေးရွာတွင် ငွေကြေးလိုအပ်ချက်ဖြစ်ပေါ်လာပါက ချေးယူနိုင်သည့် ငွေကြေးဝန်ဆောင် မှုပေးသော အဖွဲ့အစည်းများမရှိပါ။ ကျွန်တော်တို့ မန်နားကျေးရွာတွင် အသင်းအဖွဲ့တစ်ခုခုမှ သော် လည်းကောင်း၊ အစိုးရဌာနနှင့် ဘဏ်တစ်ခုခုမှသောလည်း ကောင်းငွေကြေးဝန်ဆောင်မှုပေးပါက ကျေးရွာ၏ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

၆။ **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး**

သယ်ယူပို့ဆောင်ရေးအတွက် ကျေးရွာတွင် ဆိုင်ကယ်၊ ထော်လာဂျီနှင့် ကားကို အသုံးပြုကြပါသည်။ မန်နားကျေးရွာသည် မိုးရာသီတွင် မြေသားလမ်းများမှာ သွားလာရအနည်းငယ် ခက်ခဲပါသည်။ ရွာတွင်းလမ်းများမှာလည်း မိုးရာသီတွင် လမ်းချော်ခြင်း၊ လမ်းများပျက်စီးခြင်းကြောင့် အနည်းငယ် သွားလာရ ခက်ခဲပါသည်။

(ခ) **ကျေးရွာမီးလင်းရေး**

ယခုစာအုပ်ပြုစုချိန် ၂၀၁၉ခုနှစ်ထိ ကျွန်တော်တို့ မန်နားကျေးရွာတွင် လျှပ်စစ်မီး မရရှိသေးပါ။ မန်နားကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့်အလှမ်းကွာဝေးပါသည်။ လက်ရှိအချိန်ထိ ဘက်ထရီ၊ ဆိုလာမီး၊ ဖယောင်းတိုင်မီးတို့ဖြင့်လည်းကောင်း၊ ဝိန်းမိုင်ကျေးရွာမှ ရေအားလျှပ်စစ်အားရယူ၍ လည်းကောင်း မီးလင်းရန် အသုံးပြုလျက်ရှိကြပါသည်။

(ဂ) **သတင်းနှင့်ဆက်သွယ်ရေး**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ရရှိရန် ဖုန်းသုံးစွဲကြပါသည်။ ဖုန်းသုံးစွဲသည့် အိမ်ထောင်စု(၃၀)ရှိပြီး MPT,နှင့် Mytel ဖုန်းလိုင်းများရရှိပါသည်။ တရုတ်နိုင်ငံမှ ဖုန်းလိုင်းလည်းရှိပါသည်။ ရံဖန်ရံခါသာ လိုင်းပြတ်တောင်းမှုများရှိပါသည်။ ရေဒီယိုနှင့် TV အသုံးပြုမှုများမှလည်း သတင်းနှင့်ဆက်သွယ်ရေးများ ရရှိပါသည်။

၇။ **ပညာရေး**

ကျွန်ုပ်တို့ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် နည်းပါးကြောင်း တွေ့ရှိရပါသည်။ ရွာသူ/သား အနည်းစုသာ အရေး၊ အဖတ်၊ အတွက်အချက်တတ်မြောက်ကြပြီး လက်ရှိအချိန်တွင် မူလတန်းကျောင်းသားများအနေဖြင့် ဝိန်းမိုင်ကျေးရွာရှိ မူလတန်းလွန် ကျောင်းတွင်တက်ရောက်ပြီး အချို့ အထက်တန်း၊ အလယ်တန်းကျောင်းသားများအနေဖြင့် တန့်ယန်းမြို့တွင် ပညာသင်ကြားကြပါသည်။

၈။ **ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျွန်တော်တို့ **မန်နား**ကျေးရွာတွင် ကူးစက်ရောဂါဖြစ်ပွားမှုမှာ မရှိသလောက်ရှားပါး ပါသည်။ ရောဂါကူးစက်ဖြစ်ပွားမှု လုံးဝမရှိပါ။ လူကြီးပိုင်း သက်ကြီးရွယ်အိုများတွင် ဌက်ဖျားရောဂါ၊ သွေးတိုးရောဂါများဖြစ်လေ့ရှိပါသည်။ **ဆီးချိုရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပါသည်။** အစိုးရမှ မွေးကင်းစ

ခလေးပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းအားလာရောက်ဆောင်ရွက်လေ့ရှိပါသည်။ ရာသီကူးပြောင်းတွင် ဖြစ်လေ့ရှိသော တုပ်ကွေးဖျားနာခြင်း အဖြစ်များပါသည်။ ကျန်းမာရေးဌာနနှင့်ဆေးပေးခန်းများလည်းမရှိပါ။ ကျေးလက်ကျန်းမာရေးဝန်ထမ်းများသာ ကာကွယ်ဆေးထိုးနှံပေးခြင်း လာရောက်ဆောင်ရွက်ပါသည်။ ကြီးမားသောရောဂါများ၊ နာတာရှည်ရောဂါများ ဖြစ်ပွားပါ**က** တန့်ယန်းမြို့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။

သန့်ရှင်းသော သောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိပါသည်။ ရေ အရည်အသွေးစစ်ဆေးထားပါသည်။ ဒေသခံများအနေဖြင့် သောက်သုံးလျက်ရှိသောရေသည် ထုံးဓါတ်ပါဝင်မှုနည်းပါးကြောင်း အသိအမှတ်ပြုကြပါသည်။ ရေလောင်းအိမ်သာ/ယင်လုံအိမ်သာကို အိမ်တိုင်းစေ့အသုံးပြုကြပါသည်။ ဆောင်းတွင်းအအေးဓါတ်လွန်ကဲသည့် ဒေသဖြစ်သည့်အတွက် **အိမ်ခေါင်များ အနည်းငယ်နိမ့်သော်လည်း ပြူတင်းတံခါးများမှ** လေဝင်လေထွက် ကောင်းမွန်ခြင်းရှိသဖြင့် သန့်ရှင်းမှုအားနည်းကြောင်း တွေ့ရှိရပါသည်။ သန့်ရှင်းမှုကောင်းမွန်လာပါက ပိုမိုကျန်းမာသော လူမှုဘဝဖြစ်ထွန်းလာမည်ဖြစ်ပါသည်။

၉။ **ဘေးအန္တရယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျွန်တော်တို့ **မန်နား**ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားအသက်မွေးဝမ်းကျောင်းပြုသည့်ကျေးရွာဖြစ်သည့်အလျောက် မြေဆီ၊ မြေဩဇာများ သုံးစွဲမှုများပြားပါသည်။ ထို့ကြောင့် သဘာဝမြေဆီလွှာပျက်စီးမှုများပြားပါသည်။ သစ်တောများ မပြုန်းတီးစေရန် နှစ်စဉ်နှစ်တိုင်း ပျိုးပင်ငယ်များစိုက်ပျိုးခြင်းမရှိသော်လည်း သဘာဝသစ်တောများကို စီးပွားဖြစ်ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းများကိုတော့ ဆောင်ရွက်ခြင်းမရှိပါ။ နေအိမ်အဆောက်အဦအတွက် သစ်ပင်ကြီးများခုတ်ခြင်းများရှိပါသည်။ စိုက်ပျိုးချိန်တွင် စိုက်ခင်းများ၌ ရံဖန်ရံခါ ဖျက်ပိုးကျခြင်းများရှိသော်လည်း ဒေသဓလေ့ဖြင့်သာ ဖျက်ပိုးရန်ကိုဖြေရှင်းလေ့ရှိကြပါသည်။ စိမ့်စမ်းရေ၊ ချောင်းရေကိုသာ သုံးစွဲသဖြင့် မိုးရာသီ ရေများချိန်များတွင် မြေပြိုကျမှုများဖြစ်ပွားနိုင်ပါသည်။ အမှိုက်သရိုက်များအား မီးရှို့ဖျက်ဆီးကြပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန် သစ်တောထိန်းသိမ်းရေးနည်းပညာများဖြန့်ဝေခြင်း၊ မြေဩဇာသုံးစွဲပြီးလျင် မြေဆီလွှာထိန်းသိမ်းရန် ဆောင်ရွက်ရမည့်နည်းပညာများမျှဝေခြင်းများဆောင်ရွက်ပေးနိုင်လျှင် သဘာဝဘေးအန္တရာယ်ကင်းမည်ဖြစ်ပါမည်။

၁၀။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာရှိအမျိုးသမီး အများစုသည် စာတတ်မြောက်မှုအားနည်းပါသည်။ ကျေးရွာစီမံအုပ်ချုပ်မှု စနစ်တွင်လည်းကောင်း၊ အခြားအုပ်ချုပ်မှုကဏ္ဍများတွင်လည်းကောင်း တက်ကြွစွာပါဝင်ကြပါသည်။ ကျေးရွာအတွင်း ကျား-မရေးရာကိစ္စဆိုင်ရာ အခြေအနေမှာလွတ်လပ်မှုရှိသည်။ ကျေးရွာတွင်း အမျိုးသမီးအဖွဲ့နှင့် အမျိုးသားအဖွဲ့ရှိသောကြောင့် သာရေး၊ နာရေး ကိစ္စရပ်များတွင် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ကြပြီး ခွဲခြားဆက်ဆံခြင်းမျိုးများ မရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ယေဘုယျ အခြေအနေ သုံးသပ်ရပါက ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိကြောင်း တွေ့ရပါသည်။ သို့သော် ကျေးရွာတွင်း နေ့စားလုပ်အားခပေးချေမှုများတွင်မူ အမျိုးသားများက ပိုမိုရရှိပါသည်။ အမျိုးသမီးများ ပညာတတ်မြောက်မှုများပြားလာပါက အထက်ပါ ကဏ္ဍများတွင်လည်းပါဝင်လာနိုင်မည်ဖြစ်ပါသည်။

၁၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ကျွန်တော်တို့ကျေးရွာတွင် လူမှုရေး(သာရေး/နာရေး)လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူငယ်အဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့၊ အမျိုးသမီးအဖွဲ့ဟူ၍ အဖွဲ့(၃)ဖွဲ့ရှိပါသည်။ မိမိတို့ကျေးရွာတွင်းရှိ အဖွဲ့အစည်းများမှာ လုပ်ငန်းဆောင်ရွက်မှုအားကောင်းပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အဆင်ပြေလျက်ရှိကြောင်းတွေ့ရှိရပါသည်။ သို့သော်လည်း ကျန်းမာရေးနှင့်ဆိုင်သော အားကစားကွင်းများ၊ အသိပညာနှင့်ဆိုင်သော လေ့လာစရာ စာကြည့်တိုက်များ မရှိသောကြောင့် ဖွံ့ဖြိုးရေးအတွက် အားနည်း မှုများရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်တော်တို့ မန်နားကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ လုယက်မှု၊ အမျိုးသမီး အကြမ်းဖက်မှုများမရှိပါ။ မှုခင်းဖြစ်ပွားမှု လုံးဝကင်းစင်သောကျေးရွာဖြစ်ပါသည်။

၁၃။ **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

စဉ်	စီမံချက်(Project)	ဦးစားပေး အဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၁	✔				
၂	ရွာတွင်းကျောက်ချောလမ်းခင်းခြင်း	၂		✔			
၃	အသက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်း	၃			✔		
၄	စိမ့်စမ်းရေအိမ်တိုင်ရာရောက်သွယ်ယူခြင်း	၄				✔	
၅	ကျေးလက်ကျန်းမာရေးအဆောက်အဦတည်ဆောက်ရန်	၅					✔

အပိုင်း(ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ (၁) မန်နားကျေးရွာ

ကျေးရွာ	- မန်နားကျေးရွာ
ကျေးရွာအုပ်စု	- ဝိန်းမိုင်ကျေးရွာအုပ်စု
မြို့နယ်	- တန့်ယန်းမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည် - ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာတွင် သာရေး/နာရေးဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာလူဦးရေနှင့် လောက်ငသည့် အဆောက်အအုံမရှိပါ။ • မိုးလုံလေလုံ ကျေးရွာရှိလူစုံ စုဝေးနိုင်မည့်အဆောက်အအုံတစ်ခုအမှန်တကယ်လိုအပ်ပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • ဘက်စုံသုံးခန်းမတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ပိုမိုအဆင်ပြေမည့် ကျေးရွာသူ/သားများ စုဝေးနိုင်ရန်ဖြစ်ပါသည်။ • သာရေး/နာရေးကိစ္စများအား လွယ်ကူအဆင်ပြေစွာဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။	
မျှော်မှန်းအကျိုးရလာဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီး နောက်ထပ်အဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)** • ခန်းမတည်ဆောက်ပြီးပါက ကျေးရွာနေပြည်သူများ မိုးလုံလေလုံသာရေး/နာရေးကိစ္စများ ဆောင်ရွက်နိုင်မည့်အကျိုးရလာမည်ဖြစ်ပါသည်။ • ကျေးရွာလုံးကျွတ်အစည်းအဝေးများလည်း ကောင်းစွာဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်မည်) • ဘက်စုံသုံးခန်းမ(၄၀'x၃၀'x၁၂')	
စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀ (ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
• (ငွေသား)	• ကျေးရွာ
• (ပစ္စည်း/လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၉၀	၈၈	၁၇၈	၅	၂၃	၁၂	-	၄၀
အကျိုးခံစားရမည့်သူဦးရေ	၉၀	၈၈	၁၇၈					

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)

- မန်နားကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) စီမံချက်စတင်မည့်အချိန်ခန့်မှန်း - ၁-၅-၂၀၂၀

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၃၀-၆-၂၀၂၀

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ် -

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ရွာလုံးကျွတ်အစည်းဝေးခေါ်ယူ၍ လုပ်ငန်းအစီအစဉ်များကို ပွင့်လင်း မြင်သာစွာ ရှင်းလင်းဆွေးနွေးကြပါမည်။
- ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ဒေသထွက်ပစ္စည်း(ဥပမာ-သစ်)ထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာ ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာသူ/သားများနှင့် စည်းဝေးတိုင်ပင်ပါမည်။
- ခန်းမတည်ဆောက်ပြီးစီးပါကလည်း လုပ်ငန်းပြီးစီးမှုအလွှဲအပြောင်းဆောင်ရွက်ပါမည်။
- ခန်းမရေရှည်တည်တံ့ရေးအတွက် စည်းကမ်းချက်များထုတ်၍ ကျေးရွာသူ/သားများအားလုံး လိုက်နာစေပါမည်။
- အချိန်ကြာမြင့်လာသည့်အခါ ခန်းမတွင် ချို့ယွင်းချက်များရှိပါကလည်း ရွာလုပ်အား/ငွေအားဖြင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားပါမည်။
- ဘက်စုံသုံးခန်းမအား အစဉ်အသုံးပြုနိုင်ရေး ပြုပြင်ထိန်းသိမ်းရန်အတွက် ကျေးရွာကော်မတီဖွဲ့စည်းထားရှိပြီး ဆောင်ရွက်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

ဝိန်းမိုင်ကျေးရွာအုပ်စု၊ မန်နားကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	ဦးဆန်နု	ဦးလွယ်ဆန်မောင်	၁၃/တယန(နိုင်)၀၁၆၈၆၇	၆၂	ဥက္ကဋ္ဌ	
၂	ဦးစိုင်းဆံကျော်	ဦးပူလွယ်နမ့်ခမ်း	၁၃/တယန(နိုင်)၁၅၆၄၃၇	၄၂	စာရင်းကိုင်	
၃	ဒေါ်အေးရှမ်းဖုန်း	ဦးဆန်မောင်	၁၃/တယန(နိုင်)၁၇၂၅၂၄	၂၉	ဘဏ္ဍာရေးမှူး	
၄	ဒေါ်နန်းမြစိန်	ဦးလိုင်းဟိန်းထွန်း	၁၃/တယန(နိုင်)၀၅၆၅၇၃	၂၇	အဖွဲ့ဝင်	
၅	ဦးဆန်ခမ်း	ဦးဆန်ရွေး	၁၃/တယန(နိုင်)၀၂၂၆၉၇	၂၉	စာရင်းကိုင်	
၆	စိုင်းမောင်မြ	ဦးအိုက်ထွမ်း	၁၃/တယန(နိုင်)၀၈၁၁၆၆	၃၈	အဖွဲ့ဝင်	
၇	ဦးဆန်အောင်ဆာ	ဦးမောင်ရုံး	၁၃/တယန(နိုင်)၀၀၅၆၀၅	၄၀	အတွင်းရေးမှူး	

ဘဏ္ဍာရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	စိုင်းမောင်မြ	ဦးအိုက်ထွမ်း	၁၃/တယန(နိုင်)၀၈၁၁၆၆	၃၈	ဥက္ကဋ္ဌ	
၂	ဦးစိုင်းဆံကျော်	ဦးပူလွယ်နမ့်ခမ်း	၁၃/တယန(နိုင်)၁၅၆၄၃၇	၄၂	စာရင်းကိုင်	
၃	ဒေါ်အေးရှမ်းဖုန်း	ဦးဆန်မောင်	၁၃/တယန(နိုင်)၁၇၂၅၂၄	၂၉	ဘဏ္ဍာရေးမှူး	

ဝိန်းမိုင်အုပ်စု၊ မန်နားကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၅	၂	၇		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၅	၆	၁၁		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၇	၄	၁၁		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၈	၃	၁၁		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၅	၆၀	၁၀၅		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၀	၁၃	၃၃		
စုစုပေါင်း		**၉၀**	**၈၈**	**၁၇၈**		
စုစုပေါင်း အိမ်ထောင်စု		**၄၀**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ မန်နားကျေးရွာတွင် အိမ်ထောင်စုပေါင်း(၄၀)ရှိပြီး လူဦးရေ စုစုပေါင်း ၁၇၈ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်(၁၀၅)ဦးဖြစ်ပါသည်။ ကျောင်းနေအရွယ်ကျောင်းသား ကျောင်းသူများ အများအပြားရှိပါသည်။ သက်ကြီးရွယ်အို ဘိုးဘွား(၃၃)ဦးနှင့် လူမမယ်ခလေးအရွယ်(၁၈)ဦးဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၄၀	၇၈	-	၅၀	၂၈		မြင့် ☐ လတ်✔ နိမ့် ✔
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။ မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။**“ရပ်တည်နိုင်မှု(နိမ့်၊ လတ်၊ မြင့်)”**ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။။ မန်နားကျေးရွာရှိ အိမ်ထောင်စုအားလုံးမှ မိသားစုဝင်အားလုံးသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ပြီး မိသားစုစားဝတ်နေရေးအတွက် အခြားစီးပွားဖြစ်လုပ်ငန်းများ လုံးဝလုပ်ကိုင်ခြင်း**မရှိပါ။** လယ်ယာပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စု(၂)စုသာရှိပြီး ၎င်းတို့သည်လည်း **ဝင်ငွေအတွက်**လယ်ယာအငှားလုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ မန်နားကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ စီးပွားရေးဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသော်လည်း လုပ်အားခမှာ သင့်တင့်ယုံသာရရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၇၀	ကောင်း ☐	သင့်✔	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄	ကောင်း ☐	သင့်✔	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၁	ကောင်း ☐	သင့်✔	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၉၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ မန်နားကျေးရွာရှိ မြေများသည် စိုက်ပျိုးမြေဆောင်ရွက်နိုင်သော မြေအမျိုးအစားများဖြစ်ပြီး လယ်မြေ (၇၀)ဧက၊ တောင်ယာမြေ(၄)ဧက၊ ဥယျာဉ်ခြံမြေ(၂၁)ဧက စုစုပေါင်း(၉၅)ဧကရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ✔	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ✔
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔
ရေ – မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့် ☐ နည်း ✔ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ✔ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔
သစ်တော – ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။။။ မန်နားကျေးရွာတွင် ဓါတ်သတ္ထုနှင့်အခြားသဘာဝ အရင်းအမြစ်များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ ေအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အိမ်အခြေအနေ	ကောင်း	အသင့်အတင့် ကောင်း	ညံ့	
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) များ	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	
အိမ်ထောင်စု	၅	၂၃	၁၂	

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။။။ မန်နားကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၅)စု၊ အလယ်အလတ်အဆင်ပြေသော အိမ်ထောင်စု(၂၃)စု၊ မပြေလည်သောအိမ်ထောင်စု(၁၂)စုရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = လုပ်အားခကြိုယူ =
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၄		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = ၄

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ မန်နားကျေးရွာရှိ ဥစ္စာဓနအဆင့်(၃+၄)၏ ၃၀% အိမ်ထောင်စုသည်တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံ မှုရှိပြီး တခါတရံဝမ်းစာအတွက် လုပ်အားခကြိုယူ၍ ဖြေရှင်းကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက်	၅	-	၅

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ မန်နားကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော ထိခိုက်လွယ်အုပ်စုများ မရှိပါ။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✔			✔		
၂	လျှပ်တပြတ်ရေကြီးခြင်း	✔			✔		
၃	မုန်တိုင်းဒီရေ	✔			✔		
၄	ဆူနာမီ	✔			✔		
၅	တိုင်ဖုန်းမုန်တိုင်း	✔			✔		
၆	လေဆင်နာမောင်း	✔			✔		
၇	ငလျင်	✔			✔		
၈	အပူလှိုင်း	✔			✔		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✔			✔		
၁၀	အအေးလှိုင်း	✔			✔		
၁၁	မိုးသီးကြွေကျမှု	✔			✔		
၁၂	မိုးခေါင်ခြင်း	✔			✔		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၃	တောမီးလောင်ခြင်း	✔			✔		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✔			✔		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✔			✔		
၁၆	မြေပြိုခြင်း	✔			✔		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✔			✔		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✔			✔		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✔			✔		
၂၀	သစ်တောပြုန်းတီးခြင်း		✔		✔		
၂၁	ငှက်ဖျားရောဂါ	✔			✔		
၂၂	တီဘီရောဂါ	✔			✔		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✔			✔		
၂၄	ကပ်ရောဂါ	✔			✔		
၂၅	ပြည်တွင်းပဋိပက္ခ	✔			✔		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✔			✔		
၂၇	လူကုန်ကူးခြင်း	✔			✔		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✔			✔		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ-

အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်

အိမ်ထောင်စု၁၀၀ တွင် ၂၅ မှ ၅၀အိမ်ထောင်စု - လတ်၊

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ မန်နားကျေးရွာတွင် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ စားနပ်ရိက္ခာမဖူလုံခြင်းများ မရှိသလောက်

နည်းပါးပါသည်။ ယင်းဖြစ်စဉ်များဖြစ်ပေါ်လေ့မရှိပါ။ အိမ်ထောင်စုအနည်းငယ်မျှသာ စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းဖြစ်တတ် ပါသည်။ အိမ်ထောင်စု(၃)စုလောက်သာ ဖြစ်လေ့ဖြစ်ထရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✔					✔
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု						
၃	ဆင်းရဲသားတောင်သူ						
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ						
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခရှိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၅	လှည့်လည်သွားလာ၍စွေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ						

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။ လေ့လာတွေ့ရှိချက်။။။ မန်နားကျေးရွာတွင် ထိခိုက်သက်ရောက်မှုဖြစ်နိုင်သည့် လူငယ် မရှိသလောက်နည်းပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ပြည်သူ့စစ်	၁□၂□၃ ✔				ပညာရေး□ဌေကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့်ကာကွယ်ရေး ✔	ကောင်း□ သင့် ✔ ညံ့□
၂	အမျိုးသမီးအဖွဲ့	၁□၂ ✔ ၃□				ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့် ✔ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၃	လူငယ်အဖွဲ့	၁□ ၂ ✔ ၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့် ✔ ညံ့□
၄		၁□ ၂□ ၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၅		၁□ ၂□ ၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၆		၁□ ၂□ ၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇		၁□ ၂□ ၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။။။ ကျနော်တို့ မန်နားကျေးရွာတွင် ပြည်သူ့စစ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့များရှိပြီး ဘာသာ ရေး၊

သာရေးနာရေး၊ ယဉ်ကျေးမှုစသည့် ကျေးရွာရပ်ရွာကိစ္စများတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်၍ စည်းလုံးစွာ ဆောင်ရွက် ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ခမ္မစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (ဥပမာ GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များ ဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – **သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်**) **တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။**

လေ့လာတွေ့ရှိချက်။။။ မန်နားကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ပေးသော ပြင်ပအဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	**မြေပိုင်ဆိုင်မှုအရွယ်အစား**	**အိမ်ထောင်စု အရေအတွက်**	**အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်**	**ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်**
၁	**မြေယာမဲ့**	၂	-	**မြေမဲ့ယာမဲ့**
၂	၂.၅**ဧကအောက်**	၁၀	-	**ဆင်းရဲသားတောင်သူ**
၃	၂.၅**ဧကမှ၅ဧကကြား**	၁၅	-	**တောင်သူငယ်**
၄	၅**ဧကမှ၁၂.၅ဧကကြား**	၁၁	-	**တောင်သူလတ်**
၅	၁၂.၅**ဧကအထက်**	၂	-	**တောင်သူကြီး**
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၄၀		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။။ မန်နားကျေးရွာတွင် တောင်သူကြီးနှင့် မြေယာမဲ့အိမ်ထောင်စု(၂)စု၊ တောင်သူလတ် (၁၁)စု၊ တောင်သူငယ်(၁၅)စု၊ ဆင်းရဲသားတောင်သူ(၁၀)စုရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက် မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	၂၅	တစ်နှစ်ပတ်လုံး ✔ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ ✔ မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ ✔
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ မန်နားကျေးရွာတွင် စိမ့်စမ်းရေသွင်းဆောင်ရွက်သော လယ်မြေဧက(၂၅)ဧကရှိပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၆၅	တင်း	၁၅	၂၀	၁၇.၂၅	Jun	Oct	မြင့်□လတ် ✔ နိမ့်□	မြင့်□လတ် ✔ နိမ့်□	မြင့်□လတ်□ နိမ့် ✔
ပြောင်း	၃၀	ဗိဿာ	၁၅	၂၅	၂၀	ဧပြီ	Jun	မြင့်□လတ် ✔ နိမ့်□	မြင့်□လတ် ✔ နိမ့်□	မြင့်□လတ်□ နိမ့် ✔
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
